ကျားကိုက်ချောင်းကျေးရွာ

ကျားကိုက်ချောင်းကျေးရွာအုပ်စု၊ ကျောင်းကုန်းမြို့နယ်

ရောဝတီတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျောင်းကုန်းမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

လ၊ ၂၀၁၈

မာတိကာ

မာတိကာ

၁။ တည်နေရာနှင့် ပထဝီအနေအထား

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

(င) ပညာရေး

(စ) ကျန်းမာရေး

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး


(ဇ) ကျား – မ ရေးရာ

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ


နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား

နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ


N
W
E
S

Venn Diagram



ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
ကျားကိုက်ချောင်းကျေးရွာ

ရာသီခွင်ပြ ပြက္ခဒိန်

အဖြစ်အပျက်	ဇန်	ဖေ	မတ်	ဧပြီ	မေ	ဇွန်	ဇူလိုင်	သြဂုတ်	စက်	အောက်	နို	ဒီ
ရာသီဥတု	အအေးပို	အအေးလျော့	အနည်းငယ်ပူ	အပူချိန်မြင့်	မိုးနည်း	မိုးများ	မိုးများ	မိုးများ	မိုးနည်း	မိုးနည်း	အအေးပို	အအေးပို
အလုပ်အကိုင်	ပဲစိုက်	ပဲစိုက်	တလင်းကိုင်	ပဲနှုတ်	ပဲနှုတ်	စပါးစိုက်	စပါးစိုက်	ပေါင်းနှုတ်	ပေါင်းနှုတ်	ကောက်ရိတ်	ကောက်ရိတ်	စပါးခြွေ
လက်လုပ်လက်စားမိသားစုများ ဝင်ငွေရရှိမှု (မရှိ/နည်း/များ)	နည်း	များ	များ	နည်း	နည်း	နည်း	နည်း	နည်း	နည်း	များ	နည်း	များ
အသုံးစရိတ်	နည်း	နည်း	များ	များ	များ	နည်း	များ	နည်း	နည်း	-	-	-
ချေးငွေ လိုအပ်မှု	နည်း	နည်း	များ	များ	များ	များ	များ	နည်း	နည်း	အသင့်အတင့်	များ	များ
ဝမ်းစာ ဖူလုံမှု	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ
သောက်သုံးရေ ရရှိမှု	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ
တိရစ္ဆာန်အစာ ရရှိမှု	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ	ရှိ
တိရစ္ဆာန်ရောဂါ ကျရောက်မှု	များ	နည်း	များ	များ	များ	နည်း	နည်း	နည်း	နည်း	နည်း	နည်း	နည်း
ကျန်းမာရေး အခြေအနေ	သင့်	သင့်	မကောင်း	မကောင်း	မကောင်း	သင့်	သင့်	သင့်	ကောင်း	ကောင်း	ကောင်း	ကောင်း
သီးနှံပိုးမွှားရောဂါ ကျရောက်မှု	မရှိ	မရှိ	ရှိ	ရှိ	မရှိ	ရှိ	ရှိ	ရှိ	နည်း	နည်း	နည်း	နည်း
ပွဲတော်	-	-	ရှိ	ရှိ	-	ရှိ	-	-	-	-	-	-

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
ကျားကိုက်ချောင်းကျေးရွာ

သဘာဝဘေးအန္တရာယ်	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ	မရှိ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

၁။ တည်နေရာနှင့် ပထဝီအနေအထား

ကျားကိုက်ချောင်းကျေးရွာသည် ဧရာဝတီတိုင်း၊ ပုသိမ်ခရိုင်၊ ကျောင်းကုန်းမြို့နယ်၊ ကျားကိုက် ကျေးရွာအုပ်စုတွင်ပါဝင်ပြီး ကျောင်းကုန်းမြို့၏တောင်ဘက် (၆)မိုင်ခန့်တွင် တည်ရှိပြီး အရှေ့ဘက်တွင် ကျားကိုက်ချောင်းအရှေ့ဘက်ကမ်း၊ အနောက်ဘက်တွင် ညောင်အိုင်ကျေးရွာ၊ တောင်ဘက်တွင် ချောင်ကြီး ကျေးရွာနှင့် မြောက်ဘက်တွင် မိုးပြာအနောက်ကျေးရွာတို့ တည်ရှိဝန်းရံထားပါသည်။ ကျောင်းကုန်း-အိမ်မဲ ကားလမ်းမဘေးတွင်ရှိပြီးအနောက်ဘက်တွင် ဒါးကချောင်း ရှိပါသည်။ ထို့ကြောင့် ခရီးသွားလာရာတွင် ရေကြောင်းဖြင့်သော်လည်းကောင်း၊ ကုန်းလမ်းဖြင့်သော်လည်းကောင်း အဆင်ပြေချောမွေ့စွာ သွားလာနိုင်မည် ဖြစ်ပါသည်။

၂။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ရာသီဥတုအားဖြင့် နှစ်စဉ် မိုးရေချိန်လက်မ(၈၀)မှ (၁၀၀) ခန့်ရရှိသည်။ မေလတွင် မိုးအနည်းငယ် ရွာသွန်းကာ၊ ဇွန်၊ ဇူလိုင်လတို့တွင် မိုးသည်းထန်စွာရွာသွန်းတတ်ပြီး ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လေ့ရှိပါသည်။ ဩဂုတ်နှင့်စက်တင်ဘာလတို့တွင် မိုးရွာသွန်းမှုပုံမှန်ရှိတတ်ပြီး အောက်တိုဘာလတွင် မုတ်သုန်လေ ဆုတ်ခွာရာ လဖြစ်သောကြောင့် မိုးနည်းပါးသွားပါသည်။ တစ်ခါတစ်ရံ မုန်တိုင်းများကျရောက်ပြီး အချိန်အခါမဲ့ မိုးများ ရွာသွန်းတတ်သောကြောင့် ကောက်ပဲသီးနှံများ ပျက်စီးဆုံးရှုံးမှုများ ရှိတတ်ပါသည်။ မိုးတွင်းကာလ ဇွန်လတွင် စပါးစိုက်ပျိုးပြီး အောက်တိုဘာလတွင် ရိတ်သိမ်းလေ့ရှိပါသည်။ နိုဝင်ဘာလတွင် မိုးအကုန်ဆောင်းအကူး ဖြစ်သောကြောင့် အနည်းအငယ်သာအေးပြီး ဒီဇင်ဘာလနှင့်ဇန်နဝါရီလတို့တွင် အအေးပိုတတ်ပါသည်။ ဖေဖော်ဝါရီလသည် ဆောင်းရာသီ၏ အနှောင်းပိုင်းကာလဖြစ်သောကြောင့် အအေးပေါ့ပြီး အပူဘက်သို့ ကူးပြောင်းစပြုလာပါသည်။

မတ်လတွင် ဆောင်းအကုန် နွေအကူးလဖြစ်သောကြောင့် နေ့ပူပြီးညချမ်းလေ့ရှိပါသည်။ ဧပြီလသည် နွေကာလအလယ်ဖြစ်သောကြောင့် အလွန်ပူအိုက်လျက်ရှိပါသည်။ ကျေးရွာတွင် စိုက်ပျိုးရေးသည် အဓိက စီးပွားရေး ဖြစ်သောကြောင့် စပါး၊ မတ်ပဲ၊ ပဲတီစိမ်းတို့ကို ရာသီအလိုက်စိုက်ပျိုးလျက်ရှိပါသည်။ မြေဩဇာမှာ အသင့်အတင့်ကောင်းမွန်ပြီး အခြားသီးပင်စားပင်များမှာနနွင်း၊ ပိန်းနှင့်ရာသီကုန်သီးနှံများကိုလည်း စီးပွားဖြစ် စိုက်ပျိုးလျက်ရှိပါသည်။

၃။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာတွင် ရပ်ရွာအကျိုးကိစ္စများကို ဆောင်ရွက်သော ပရဟိတအဖွဲ့သည် လူငယ်လူရွယ်များနှင့် အဖွဲ့ဝင်ဦးရေအများဆုံး ဖွဲ့စည်းထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးအတွက်

ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ အဖွဲ့၊ ဘာသာရေးအတွက် ဂေါပကအဖွဲ့၊ ပရဟိတအဖွဲ့၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ အမျိုးသမီးရေးရာနှင့် ပြင်ပမှ လာရောက်ဖွဲ့စည်းထားသော(Pact Myanmar)အဖွဲ့အစည်းများရှိပါသည်။ ကျေးရွာရှိအဖွဲ့အစည်းများ မှာလည်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ ချိတ်ဆက်ဆောင်ရွက်မှု အားကောင်းပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

ကျေးရွာတွင် မိုးစပါးကိုသာ အဓိကထား စိုက်ပျိုးပါသည်။ မိုးစပါးစိုက်ဧကမှာ(၅၃၉)ဧကရှိပြီး သီးထပ်အဖြစ် မတ်ပဲ၊ပဲတီစိမ်းတို့ကိုသာ စိုက်ပျိုးပါသည်။ စပါးတစ်ဧကထွက်နှုန်းမှာ တင်း(၆၀)မှ(၉၀)ခန့်ရှိပြီး အခြား အသက်မွေးဝမ်းကျောင်းအနေဖြင့် ကွမ်း၊ နန္နင်း၊ ပိန်းတို့ကိုလည်း အဓိကစိုက်ပျိုးပါသည်။ ကျေးရွာတွင် တစ်ပိုင်တစ်နိုင်အဖြစ် ကြက်၊ ဘဲ၊ ဝက်တို့ကို မွေးမြူကြပါသည်။ ရာသီအလိုက် ငါးဖမ်းလုပ်ငန်းကိုလည်း လုပ်ကိုင်ကြပါသည်။ တစ်နိုင်တစ်ပိုင် ကုန်ထုတ်လုပ်ငန်းအတွက် တောင်း၊ ပလုံးယက်ခြင်းလုပ်ငန်း လုပ်ကြပြီး အသေးစား

ဆန်စက်လုပ်ငန်းများလည်း ရှိပါသည်။ အခြားဝင်ငွေရလုပ်ငန်း များအနေဖြင့် နေ့စား၊ ခေါင်းရွက်ဗျက်ထိုးစျေးသည်များလည်း ရှိပါသည်။ ပို့ဆောင်ရေးလုပ်ငန်းအနေဖြင့် ဆိုင်ကယ်(ကယ်ရီဆွဲခြင်း)၊ အိမ်တွင်းစီးပွားရေးလုပ်ငန်းအနေဖြင့် စက်ချုပ်လုပ်ငန်းကိုလည်း လုပ်ကိုင်လျက် ရှိပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

ကျေးရွာတွင် မူလတန်းကျောင်း(၁)ကျောင်းရှိပြီး ပေ(၆၀×၃၀) ကျယ်ဝန်းပါသည်။ ကျောင်းမှာ အုတ်ကာ၊ ကွန်ကရစ်ခင်းဖြစ်ပြီး အမိုးမှာသွပ်မိုးဖြစ်ပါသည်။ သန့်ရှင်းသော သောက်သုံးရေရရှိပြီး ကျောင်း အိမ်သာမှာလည်း ကောင်းမွန်ပါသည်။ ကျေးရွာတွင် ဘုန်းကြီးကျောင်းရှိပြီး ၄င်းအဆောက်အဦကိုသွားရန် မြေသားလမ်းရှိပါသည်။ လျှပ်စစ်မီးရရှိမှုမရှိသောကြောင့် ကိုယ်ပိုင်ဆိုလာမီး၊ ဘက်ထရီမီးတို့ဖြင့် သုံးစွဲ ရပါသည်။ ဆက်သွယ်ရေးအနေဖြင့် MPT ၊ TELENOR ၊ OREDOO လိုင်းများမှာ ကောင်းမွန်ပြီး၊ အင်တာနက်လိုင်းများကောင်းမွန်သောကြောင့် သတင်းအချက်အလက် ချိတ်ဆက်မှုကောင်းမွန်ပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

ပြင်ပအဖွဲ့အစည်းများဖြစ်သော ပက်(ခ်)၊ ပြည့်မဟာတို့မှလည်း ငွေကြေးဝန်ဆောင်မှုအနေဖြင့် အရစ် ကျငွေထုတ်ပေးချေစနစ်ဖြင့် ထုတ်ချေးပေးပါသည်။ တောင်သူလယ်သမားများအတွက် လိုအပ်သော ချေးငွေကို မိုးစပါးစိုက်ပျိုးနိုင်ရန် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ တစ်ဧကလျှင်(၁၅၀၀၀၀/-)ကျပ်၊ ဆောင်းသီးနှံအတွက် တစ်ဧကလျှင်(၅၀၀၀၀/-)ကျပ်နှုန်းဖြင့် ငွေထုတ်ချေးပေးပါသည်။

(ငါ) ပညာရေး

ကျေးရွာ၏ အခြေခံမူလတန်းကျောင်းတွင် ဆရာ/ ဆရာမအင်အား (၅)ယောက်ရှိပြီး၊ ကျောင်းသား ဦးရေ(၅၀)ခန့်ရှိပါသည်။ ကျေးရွာတွင်မူလတန်းကျောင်းသာရှိပြီး အလယ်တန်းနှင့်အထက်တန်းကျောင်းများ မရှိသောကြောင့် အထက်တန်းသို့ရောက်သောကျောင်းသား/သူများသည် ရွာနှင့်တစ်မိုင်ခွဲခန့်ဝေးသော ချောင်ကြီး(အ.ထ.က)ကျောင်းသို့ သွားရောက်၍ ပညာသင်ကြားကြရပါသည်။ ကျောင်းသား/သူများသည် နွေအခါတွင် စက်ဘီး၊ ဆိုင်ကယ်တို့ဖြင့် သွားလာရပြီး မိုးတွင်းအခါတွင် လမ်းများကောင်းမွန်မှုမရှိသောကြောင့် ရွံ့၊ နွံထဲတွင် ခြေလျင်ရုန်းကန်သွားလာရပါသည်။ ကျေးရွာတွင် ဘွဲ့ရပညာတတ်များ အနည်းအငယ်ရှိပါသည်။

(စ) ကျန်းမာရေး

ကျန်းမာရေးအနေဖြင့်ကျေးလက်ဆေးပေးခန်း၊ တိုက်နယ်ဆေးရုံမရှိသောကြောင့် ကျန်းမာရေး ကိစ္စများအတွက် မကောင်းလျှင်ချောင်ကြီးတိုက်နယ်ဆေးရုံသို့ သွားရောက်ကုသရပြီး အရေးကြီးလူနာများ အတွက် ကျောင်းကုန်း ဆေးရုံသို့ သွားရောက်ကုသရပါသည်။ ကျေးလက်ကျန်းမာရေးဌာနမှ ဆေးမှူး၊သူနာပြု၊ သားဖွား၊ ကြီးကြပ်(၂) နှင့်ကျန်ဝန်ထမ်းများသည် ရာသီအလိုက် ဖြစ်ပေါ်တတ်သော သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရန်အတွက် အဘိတ်ဆေးခတ်ခြင်း၊ ကျန်းမာရေး ဟောပြောပွဲများပြုလုပ်ပေးခြင်းနှင့် ကျောင်းကျန်းမာရေးလုပ်ငန်းများ ကိုလည်း နှစ်စဉ် ဆောင်ရွက်ပေးပါသည်။ ဆင်ခြေထောက်ရောဂါ ကာကွယ်ဆေး များကို အိမ်တိုင်ရာရောက် လိုက်လံတိုက်ကျွေးပေးပါသည်။ ကလေးများအတွက် ဝက်သက်ရောဂါနှင့် အခြား လိုအပ်သော ကာကွယ်ဆေးများ ကိုလည်း ထိုးပေးပါသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

သဘာဝဘေးန္တရာယ်ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ပတ်သက်၍ရေဘေး၊ လေဘေးအန္တရာယ် ဖြစ်ပွားလေ့မရှိပါ။ တစ်ခါတစ်ရံမိုးများစွာ ရွာသွန်းသောကြောင့် ရေကြီးရေလျှံမှုများ ရှိပါသည်။ ထို့ကြောင့် စပါးပင်များရေနစ်မြုပ်၍ စပါးအထွက်နှုန်းများ လျော့နည်းရပါသည်။ ကျေးရွာတွင် ပိုးသတ်ဆေးနှင့် ဓါတ်မြေဩာ သုံးစွဲမှုများပြားသောကြောင့် မြေဆီလွှာအရည်အသွေးများ နိမ့်ဆင်းလာပါသည်။ သဘာဝမြေဩာသုံးစွဲမှုနည်းစနစ်များသိရှိလာပါက မြေဆီလွှာများပြန်လည်ကောင်းမွန်လာမည်ဖြစ်ပါသည်။ ကျေးရွာ တွင် ပလပ်စတစ်ဘူးခွံများ၊ အမှိုက်များကို

စနစ်တကျမစွန့်ပစ်သဖြင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ အသိပညာပေးဟောပြောပွဲများ ပြုလုပ်ပေးသင့်ပါသည်။

(၉) ကျား – မ ရေးရာ

ကျေးရွာတွင် ကျား/မ ရေးရာနှင့် ပက်သက်၍ တန်းတူအခွင့်အရေးရှိပါသည်။ ကျားမရေးရာတွင်လည်း အကြမ်းဖက်မှု၊ လူကုန်ကူးမှုများမရှိပါ။ ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းတွင်လည်း အမျိုးသားများသာမက အမျိုးသမီး များလည်း ပါဝင်ဆောင်ရွက်လျက်ရှိပါသည်။ ပညာသင်ကြားရေးတွင် အမျိုးသမီးများက အမျိုးသားများ ထက် ပို၍ စိတ်ပါဝင်စားကြပါသည်။ အမျိုးသမီးတစ်ယောက်၏ ပျမ်းမျှဝင်ငွေမှာ တစ်နေ့ (၃၀၀၀/-)ကျပ်နှုန်းဖြစ်ပြီး၊ အမျိုးသားများ၏ ပျမ်းမျှဝင်ငွေမှာ (၄၀၀၀/-)ကျပ်နှုန်း ဖြစ်ပါသည်။ အမျိုးသမီးရေးရာ၊မိခင်နှင့်ကလေး စောင့်ရှောက်ရေး စသည့်အဖွဲ့အစည်းများလည်း ရှိပါသည်။ လူမှုရေးအသင်းအဖွဲ့များမှ ရွာဦးဘုန်းကြီးကျောင်း ရှိ ဘုရားတွင်ရေသပ္ပယ်ခြင်း၊ ညောင်ရေသွန်းပွဲပြုလုပ်ခြင်း၊ ဘုန်းတော်ကြီးများပင့်ကာ တရားနာခြင်း၊ အကျွေးအမွေးများဖြင့် ဧည့်ခံခြင်းများပြုလုပ်ကာ လူငယ်လူရွယ်များ၏ အင်အားဖြင့် စည်းကားလျက်ရှိ ပါသည်။

၄။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ

စဉ်	ကဏ္ဍ	ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်း	ဦးစားပေးအဆင့်
၁	အခြေခံအဆောက်အဦ	ကျေးရွာလမ်းအဆင့်မြှင့်တင်ရေးစီမံချက်	၁
၂	အခြေခံအဆောက်အဦ	ကျေးရွာဖွံ့ဖြိုးသာယာရေးအတွက် မီးရရှိရေးစီမံချက်	၂
၃	စိုက်ပျိုးရေး	ကျေးရွာစိုက်ခင်းများအထွက်နှုန်းတိုးတက်ရေး နည်းပညာရရှိရေးစီမံချက်	၃
၄	ကျန်းမာရေး	ကျန်းမာရေးချို့တဲ့သူလျှော့ချရေးစီမံချက်	၄
၅	ပညာရေး	မူလတန်းလွန်ကျောင်းသို့ အဆင့်မြှင့်တင်ရေးစီမံချက်	၅
၆	မွေးမြူရေး	မွေးမြူရေးဖြစ်ထွန်းအောင်မြင်ရန် ပြင်ပအကူအညီရရှိရေးစီမံချက်	၆

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
ကျားကိုက်ချောင်းကျေးရွာ

ဖွံ့ဖြိုးရေးဗျူဟာ ၎ယား

ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်း၎စ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည့်. အရင်းအနှီးများ/အခြေအနေ ကောင်းများ	ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
ကဏ္ဍ – သီးနှံ					
• မိုးတွင်းအခါ ရေကြီး၊ ရေလျှံမှုကြောင့် သီးနှံ စိုက်ခင်းများ ပျက်စီး ခြင်း	• ရေနူတ်မြောင်း ကောနေ ခြင်း၊ • ချောင်းတွင် အင်းများ ပြုလုပ်ထားခြင်း	• ချောင်းကော၊ မြောင်းကော များပြန်လည်တူးဖော် ပေးရန် ဆည်မြောင်းဦးစီးဌာန ရှိနေ ခြင်း	• ကျေးရွာမှ သက်ဆိုင် ရာ ဌာနများသို့ အရေး ဆိုမည့် ရွာတွင်း အဖွဲ့ အစည်းမရှိသေးခြင်း	• ဆည်မြောင်းဦးစီးဌာန သို့ တင်ပြခြင်း • ငါးလုပ်ငန်းဦးစီးဌာနနှ င့် တွေ့ဆုံ ဆွေးနွေးခြင်း	• သီးနှံစိုက်ခင်းများ ရေလွှမ်းမိုးမှုဒဏ် ကာကွယ်ရေးစီမံချက်
ကဏ္ဍ – မွေးမြူရေး					

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
ကျားကိုက်ချောင်းကျေးရွာ

• မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ် မလုပ်ကိုင်နိုင်ခြင်း	• ရင်းနှီးငွေမရှိခြင်း	• တိရိစ္ဆာန်အစာများပေါများခြင်း • ကျေးရွာမှ စိတ်ဆန္ဒရှိခြင်း	• မွေးမြူရေးချေးငွေ ထုတ်ပေးသော အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှုမရှိသေးခြင်း • မျိုးကောင်းမျိုးသန့် မွေးမြူနည်း နည်းပညာ မသိရှိခြင်း	• မွေးမြူရေးချေးငွေထုတ် ပေးသော ကုမ္ပဏီများနှင့် ချိတ်ဆက်ခြင်း • မျိုးကောင်းထုတ်လုပ် ရောင်းချသူများနှင့် ဆက်သွယ်ခြင်း	• မွေးမြူရေးချေးငွေ ရရှိရေးစီမံချက်
ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည်. အရင်းအနှီးများ/အခြေအနေ ကောင်းများ	ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
ကဏ္ဍ – ပညာရေး					

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
ကျားကိုက်ချောင်းကျေးရွာ

• ကျေးရွာရှိ ကျောင်းသား/သူ များသည် အထက်တန်းသို့ ရောက်လျှင် အခြားကျေးရွာသို့ ကျောင်းသွားတက်ရ ခြင်း • မိုးရာသီတွင် ရှုံ့နှံများ ကြားတွင် ရုန်းကန် ၍ ကျောင်းတက်ရခြင်း	• မူလတန်းကျောင်းသာ ရှိနေခြင်း • ရွာချင်းဆက်လမ်းမှာ မြေသားလမ်းဖြစ်နေခြင်း	• ကျောင်းဆောင်သစ်ဆောက် လုပ်ရန် မြေနေရာရှိခြင်း • ကျေးရွာမှလုပ်အားဒါန ပေးနိုင် ခြင်း	• တင်ပြတောင်းဆိုမည့် ရွာတွင်းအဖွဲ့အစည်း မရှိသေးခြင်း • ကုန်ကျစရိတ် မတတ် နိုင်ခြင်း	• ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဖွဲ့စည်းခြင်း • ပြင်ပမှ အကူအညီ တောင်းခံခြင်း	• မူလွန်ကျောင်းသို့ အဆင့်မြှင့်တင်ရေး စီမံချက်
ကဏ္ဍ – အခြေခံအဆောက်အဦ					
• မိုးတွင်းအခါ လမ်းပျက်စီးမှုများသောကြောင့် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ကိစ္စများတွင်အခက်အခဲများ ရှိနေခြင်း	ကျေးရွာချင်းဆက်လမ်းမှာ မြေသားလမ်းဖြစ်နေခြင်း	• ကျေးရွာမှာ လုပ်အား၊ ငွေအား တတ်နိုင်သရွေ့ ကူညီထည့်ဝင် နိုင်ခြင်း	• ငွေကြေးမတတ်နိုင်ခြင်း • ပြင်ပအကူအညီ မရရှိ သေးခြင်း	• ပြင်ပမှ အကူအညီရှာဖွေ ခြင်း • ကျေးရွာမှ လူအား၊ ငွေအား ကူညီပံ့ပိုးပေးခြင်း	• ကျေးရွာလမ်း အဆင့်မြှင့်တင်ရေးစီမံချက်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
ကျားကိုက်ချောင်းကျေးရွာ

ပြဿနာ	ပြဿနာဖြစ်ရသည့် အကြောင်းရင်းဇစ်မြစ်	ကျေးရွာဖွံ့ဖြိုးရေးအတွက် အထောက်အကူဖြစ်စေမည့် ပိုင်ဆိုင်နေသည်. အရင်းအနှီးများ/အခြေအနေ ကောင်းများ	ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားများ	ဖြစ်နိုင်ဖွယ်ရာဖြေရှင်း နည်းလမ်းများ	ဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်း
• ကျေးရွာနေပြည်သူ များ၊ ကျောင်းသား/ သူများ ဆီမီးခွက်နှင့် ဘတ္တရီကိုသာ အား ထားနေရခြင်း • ညဘက်အခါ ကျေးရွာ တွင် အမှောင်ရိပ်များ ကျခြင်း	လျှပ်စစ်မီးမရရှိသေး ခြင်း	• ကျေးရွာမှ လုပ်အား၊ ငွေအား တတ်အားသရွေ့ ကူညီပေးနိုင် ခြင်း	•	• ကျေးရွာတွင် မီးလင်းရေး ကော်မတီဖွဲ့စည်း၍ သက်ဆိုင်ရာသို့ တင်ပြတောင်းဆိုခြင်း	• ကျေးရွာမီးလင်းရေး စီမံချက်
ကဏ္ဍ – ကျန်းမာရေး					

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း
ကျားကိုက်ချောင်းကျေးရွာ

• ကျန်းမာရေး ချို့တဲ့သူများ ကျေးရွာတွင် များပြားလာခြင်း	ကျန်းမာရေးဆိုင်ရာ ဗဟုသုတများ မရှိခြင်း	• ကျန်းမာရေးဗဟုသုတများ ရရှိရန် ကျန်းမာရေးဌာနနှင့် နီးခြင်း	• ထိရောက်သော ကျန်းမာရေး ပညာပေး အစီအစဉ်များလိုအပ် နေခြင်း	• ကျန်းမာရေးဌာနနှင့်ချိတ်ဆက်၍ ကျန်းမာရေး ဗဟုသုတများ ရရှိအောင် ဆောင်ရွက်ခြင်း • ကျန်းမာရေး အသိပညာရေးဆိုင်ရာ ဟောပြောပွဲများ၊ လုပ်ငန်း များဆောင်ရွက်ခြင်း	• ကျန်းမာရေး ချို့တဲ့သူ လျှော့ချရေးစီမံချက်

ကျေးရွာဖွံ့ဖြိုးရေးလက်ရှိအခြေအနေအား သုံးသပ်ရန် အထောက်အကူပြု ဇယားများ

(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၄	၇	၁၁
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၇	၁၀	၁၇
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၁၉	၁၆	၃၅
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၁၃	၁၂	၂၅
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၁၄၆	၁၆၉	၃၁၅
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၆	၆	၂၂
စုစုပေါင်း		**၂၀၅**	**၂၂၀**	**၄၂၅**
စုစုပေါင်း အိမ်ထောင်စု		**၁၂၉**		

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူဦးရေးဆိုင်ရာအချက်အလက်အရ ကျားမအချိုးကွာဟမှု နည်းပါးပါသည်။ မြန်မာနိုင်ငံပျမ်းမျှလူဦးရေအောက်လျော့နည်းနေပါသည်။ (၁)နှစ်အောက် ကလေးငယ် အနည်းငယ်သာရှိပါသည်။ ကလေးမွေးဖွားနှုန်းအသင့်အတင့်သာရှိပါသည်။ အလုပ်လုပ်နိုင်သော အရွယ် များပြားပါသည်။ (၆၀)နှင့်အထက်အရွယ်များ ရှိနေသောကြောင့် သက်ကြီးရွယ်အိုစောင့်ရှောက်မှု အဖွဲ့အစည်း များ ဖွဲ့စည်းနိုင်ရန် လိုအပ်ပါသည်။

(၂) သဘာဝအရင်းအမြစ်နှင့် ရာသီဥတုအခြေအနေ

(၂.၁) ကျေးရွာ၏မြေပိုင်ဆိုင်မှု နှင့် ရေအရင်းအမြစ်များ

ဇယား (၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် ရေအရင်းအမြစ်အခြေအနေ

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး ကောင်း/သင့်/ညံ့	ရေရရှိမှု (ရ/မရ/အနည်း အကျဉ်း)	ရရှိနိုင်သော ရေအရင်းအမြစ် (မြေအောက်ရေ၊ချောင်း၊မြစ်၊စိမ့်စမ်း စသည်)
လယ်မြေ	၅၃၉.၅၀	သင့်	ရ	မြေအောက်ရေ
ယာမြေ	-	-	-	
ဥယျာဉ်ခြံမြေ	၀.၂၉	သင့်	ရ	မြေအောက်ရေ
အိမ်ခြံဝင်း စိုက်ခင်း	-	-	-	-
ကိုင်း/ကျွန်းမြေ	-	-	-	-
စားကျက်မြေ	-	-	-	-
ပလပ်မြေ	-	-	-	-
သစ်တောမြေ	-	-	-	-
စုစုပေါင်း	**၅၃၉.၇၉**	-	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

မှတ်ချက်။ ။ရေရှိသည့်အရင်းအမြစ်အမျိုးအစား-ဆည်၊မြစ်ရေတင်၊စိမ့်စမ်းရေသွယ်၊မြေအောက်ရေ

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ လယ်မြေများသည် မိုးရာသီတွင် ဧကပြည့်မှီအောင် စိုက်ပျိုးနိုင်ကြပြီး ဥယျာဉ်ခြံစိုက်ပျိုးသည်များလည်းရှိပါသည်။ မိုးစပါးစိုက်ပျိုးပြီးချိန်တွင် ပဲကို ဆက်လက် စိုက်ပျိုးကြပါသည်။ ခြံများအတွက် အဓိကရေအရင်းအမြစ်မှာ မြေအောက်ရေဖြစ်ပါသည်။

(၂.၂) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား (၃) ဓါတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	အသုံးပြုနိုင်မှု (လွယ်/ခက်/ လက်လှမ်းမမှီ)
ကာဗွန် (ဓါတ်ငွေ့/ရေနံ)	-	-
ဓါတ်သတ္တု(ကျောက်မျက်၊သတ္တု၊ ကျောက်၊ ကျောက်မီးသွေး၊ သဲ) စသည့်	မရှိ	-
အခြားသဘာဝအရင်းအမြစ်		
တိရစ္ဆာန်မျိုးစိတ်များ	ရှိ	လွယ်
အပင်မျိုးစိတ်များ (လူ၊တိရစ္ဆာန်တို့အတွက် အသုံးဝင်သော)	ရှိ	လွယ်
ပျှမ်းမျှအပူချိန် - (၂၆.C - ၃၂.C)	ပျှမ်းမျှ မိုးရေချိန် - (၈၀) လက်မ မှ (၁၀၀)လက်မ	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ဓါတ်သတ္တုထွက်ရှိမှုမရှိပါ။ ကျေးရွာပတ်ဝန်းကျင် တွင် သဘာဝအတိုင်းပေါက်ရောက်နေကြသော ဆေးဘက်ဝင်ပင် အနည်းအကျဉ်း ရှိပါသည်။ မြွေ၊ ဖား၊ ကင်းလိပ်ချော၊ ငှက် စသော သဘာဝတိရိစ္ဆာန်မျိုးစိတ်များကိုလည်း အလွယ်တကူတွေ့ရှိရပါသည်။ ပျှမ်းမျှအပူချိန် (၂၆.C - ၃၂.C) ခန့်ရှိပြီး ပျှမ်းမျှ မိုးရေချိန်(၈၀) လက်မ မှ (၁၀၀)လက်မ ခန့်ထိရရှိပါသည်။ ရာသီဥတုအသင့်အတင့်ရှိပါသည်။

(၃) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ဇယား (၄) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	အဖွဲ့အစည်း၏စွမ်းဆောင်ရည် အခြေအနေ (သို့) ခိုင်မာတောင့်တင်းမှုဆိုင်ရာ ရှင်းလင်းဖော်ပြချက်
၁	ပရဟိတ အဖွဲ့	၁□ ၂□ ၃□ ၄□	ပညာရေး □ ကွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ ၃ လုံခြုံရေးနှင့် ကာကွယ်ရေး □	စွမ်းဆောင်ရည်ကောင်းပါသည်။
၂	မိခင်နှင့် ကလေး	၁□ ၂□ ၃ ၄□	ပညာရေး □ ကွေကြေး □ ကျန်းမာရေး □ ၃ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	စွမ်းဆောင်ရည် သင့်ပါသည်။
၃	အရန်မီးသတ်	၁□ ၂□ ၃ ၄□	ပညာရေး □ ကွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □ ၃	စွမ်းဆောင်ရည်ကောင်းပါသည်။
၄	သမ	၁□ ၃ ၂□ ၄□	ပညာရေး □ ကွေကြေး □ ၃ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	စွမ်းဆောင်ရည်ကောင်းပါသည်။
၅	ဂေါပက	၁□ ၂□ ၃ ၄□	ပညာရေး □ ကွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ ၃ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	စွမ်းဆောင်ရည်ကောင်းပါသည်။
၆		၁□ ၂□ ၃□	ပညာရေး □ ကွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	
၇		၁□ ၂□ ၃□	ပညာရေး □ ကွေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့် အခြား)။ ။ ကျေးရွာအတွင်းတွင် အဖွဲ့အစည်း (၅)ဖွဲ့ရှိပြီး ပရဟိတအဖွဲ့သည် လုပ်ငန်းဖော်ဆောင်မှုအားအကောင်းဆုံးဖြစ်ပါသည်။ ကျေးရွာအတွင်း အဖွဲ့အစည်းများ၏ ချိတ်ဆက်ဆောင်ရွက်မှု အနည်းငယ်အားနည်းသည်ကိုတွေ့ရှိရပါသည်။ ကျေးရွာအတွင်းရှိ လူငယ်လူရွယ်များ သည် ရပ်ရွာဖွံ့ဖြိုးရေး၊ သာရေး၊ နာရေးကိစ္စရပ်များတွင် စည်းစည်းလုံးလုံးနှင့် အားတက်သရောပူးပေါင်း ဆောင်ရွက်ကြပါသည်။

(၄) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(၄.၁) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၅) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	လယ်(၃၀)ဧကမှ (၁၅)ဧကထိ	လယ် (၁၅)ဧကမှ (၅)ဧကထိ	လယ် (၅)ဧကမှ (၁)ဧကထိ	မြေယာမဲ့
အိမ်အခြေအနေ	တိုက်ခံသွပ်မိုး	ပျဉ်ထောင်သွပ်မိုး	ဝါးအိမ်သွပ်မိုး	ဝါးကြမ်းခင်းဓနိမိုး
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ထော်လာကျီ၊	ထော်လာကျီ၊ လက်တွန်း	အဌားမောင်း	-
အဓိကစီးပွားရေး လုပ်ငန်း	စပါး၊ ကွမ်း၊နွေးငုံ	စပါး၊ နွေးငုံ	စပါး	-
အိမ်ထောင်စု	၁၃	၁၈	၄၃	၅၅

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက် (အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား)။ ။ ကျေးရွာ၏ (၁၀.၀၈%)သည်ချမ်းသာအဆင့် ၊ (၁၃.၉၅%)သည် အလယ်အလတ်အဆင့်၊ (၃၃.၃၃%)သည် ဆင်းရဲအဆင့်နှင့် (၄၂.၆၄%)အဆင့်သည် အလွန် ဆင်းရဲအဆင့်အဖြစ်ခံယူကြပါသည်။ စီးပွားရေးအဆင့်မှာ အသင့်အတင့်ရှိသော ကျေးရွာဖြစ်ပါသည်။

(၄.၂) သီးနှံထုတ်လုပ်ရေး

(၄.၂.၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ဇယား (၆) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၅၃	၄၁.၀၉ %	မြေမဲ့ယာမဲ့
၂	၂.၅ကအောက်(၁ ဟတ် တာထိ)	၁၅	၁၁.၆၂%	ဆင်းရဲသားတောင်သူ
၃	၂.၅ကမှ ၅ ကထိ (၂ ဟတ်တာထိ)	၁၇	၁၃.၁၈%	တောင်သူငယ်
၄	၅ကမှ၁၂.၅ကကြား (၅ဟတ်တာထိ)	၂၆	၂၀.၁၆%	အလယ်အလတ်စားတောင်သူ
၅	၁၂.၅ကအထက် (၅ဟတ်တာနှင့် အထက်)	၁၈	၁၃.၉၅%	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း	၁၂၉	၁၀၀%	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်(အခက်အခဲ၊စိန်ခေါ်မှုနှင့်အခြား) ။ ။……

……..

……..

……..

……..

(၄.၂.၂) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၇) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ကေ	တစ်ကေ အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျမ်းမျှ	
မိုးစပါး	၅၃၉.၅၀	တင်း	၆၀	၈၀	၇၀	သင့်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

သီးနှံ	စုစုပေါင်းစိုက်ကေ	တစ်ကေ အထွက်နှုန်း				အကျိုးအမြတ်ရရှိမှု (နည်း၊သင့်၊များ) ရှင်းလင်းဖော်ပြချက်
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျှမ်းမျှ	

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မိုးစပါးစိုက်ပျိုးကေများကို စိုက်ပျိုးကြရာတွင် နိုင်ငံတော်၏ သတ်မှတ်ချက် ပျှမ်းမျှ အထွက်နှုန်းကို ရရှိရန်လိုအပ်ပါသည်။ နည်းပညာလိုအပ်မှုနှင့် မျိုးကောင်းမျိုးသန့် လိုအပ်ချက်ကြောင့် အထွက်နှုန်းလျော့နည်းစေပါသည်။

(၄.၃) မွေးမြူရေးလုပ်ငန်း

ဇယား (၈) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၂၆	၅၁
နို့စားနွား	–	–
ကျွဲ	–	–
မြင်း	၁	၁
မြည်း	–	–
လား	–	–
ဆိတ်	–	–
သိုး	–	–
ဝက်	၄	၈
ကြက်	၁၂၇	၁၁၄၀
ဘဲ	၁၂	၁၀
နွားနောက်	–	–
ငါးလုပ်ငန်း		
ငါးကန်	–	–
ပုဇွန်ကန်	–	–
ဂဏန်း မွေးမြူရေးလုပ်ငန်း	–	–
ရေချို ငါးဖမ်းလုပ်ငန်း	–	–
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	–	–

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာအတွင်းတွင် ဒေသမျိုးရင်း ကြက်၊ ဝက်၊ နွား၊ ဘဲတို့ကို

အများဆုံးမွေးမြူ ကြပါသည်။ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူများပြားပါသည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် ဆန္ဒရှိသော်လည်း လုပ်ကိုင်ရန် အရင်းအနှီးမရှိခြင်းကြောင့် အကောင်အထည်ဖော်ဆောင်ရွက်နိုင် ခြင်း မရှိသေးပါ။

၄.၄) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

ဇယား (၉) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများ

စဉ်	လုပ်ငန်းများ (ထုတ်ကုန် လုပ်ငန်းနှင့် ဝန်ဆောင်မှု)	လုပ်ငန်း အရေအတွက်	ဝန်ထမ်း / အလုပ်သမား အရေအတွက်	မိသားစု ဝင် လုပ်အား	ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်) နှင့် ရှင်းလင်းဖော်ပြချက်
၁	သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝ အရင်းအမြစ်များ ထုတ်လုပ်ခြင်း	-	-	-	-
၂	ထုတ်ကုန်လုပ်ငန်း	-	-	-	-
၃	လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး	-	-	-	-
၄	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း	၁	၂	၂	လတ်
၅	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး	-	-	-	-
၆	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ)	၁	၁	၁	လတ်
၇	လက်လီ–လက်ကား ရောင်းဝယ်ရေး	၁	၆	၆	လတ်
၈	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	-	-	-	-
၉	ပို့ဆောင်ရေး၊ သိုလှောင်ရေး	-	-	-	-
၁၀	ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ်၊ ငွေချေးခြင်းလုပ်ငန်း အပါအဝင် ငွေကြေး ဝန်ဆောင်မှု လုပ်ငန်း)	-	-	-	-
၁၁	အိမ်ခြံမြေ ရောင်းဝယ်ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ	-	-	-	-
၁၂	ပညာရေး	၂	၄	၄	လတ်
၁၃	ကျန်းမာရေး	-	-	-	-

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

၁၄	လူမှုရေး လုပ်ငန်းများ	၁	၁	၁	လတ်
၁၅	အခြားကိုယ်ပိုင်လုပ်ငန်းရှင်များ (အထက်ဖော်ပြပါလုပ်ငန်းများမှ အပ)	-	-	-	-
	စုစုပေါင်းအသက်မွေးလုပ်ငန်းလုပ်ကိုင်သူဦးရေ - ၁၄				

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရ လုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု၊ လူငယ် အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လက်လီလက်ကားရောင်းဝယ်သောအိမ်ထောင်စုအများအပြားရှိပြီး ဆောက်လုပ်ရေးလုပ်ငန်းများတွင်လုပ်ကိုင်သော အိမ်ထောင်စုများလည်းရှိပါသည်။ ဝန်ထမ်းအနည်းငယ် ရှိပါသည်။

(၅) အခြေခံအဆောက်အဦးနှင့် ဝန်ဆောင်မှုများ

(၅.၁) ဈေး

ဇယား (၁၀) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဈေးကွက်လက်လှမ်းမီမှု	အနီးဆုံးဈေး (အနီးဆုံး တစ်ခုကိုသာဖော်ပြပါရန်)	အကြီးစားဈေးကွက် (အဓိကတစ်ခုကိုသာဖော်ပြပါရန်)
ဈေးအမည် (မြို့/ ရွာ)	ကျောင်းကုန်း	ရန်ကုန်
ရွာမှအကွာအဝေး (မိုင်) (အနီးစပ်ဆုံး တစ်ခုကို ခန့်မှန်းပြီး ရွေးချယ်ရန်)	၀ မှ ၁ မိုင် ☐ ၁ မှ ၅ မိုင် ☐ ၅ မှ ၁၀ မိုင်☐ Â ၁၀ မှ ၁၅ မိုင် ☐ ၁၅ မိုင် အထက် ☐	၀ မှ ၁၀ မိုင် ☐ ၁၁ မှ ၂၀ မိုင် ☐ ၂၁ မှ ၃၀ မိုင် ☐ ၃၀ မှ ၅၀ မိုင် ☐ ၅၁ မှ ၁၀၀ ☐ Â ၁၀၀မိုင် အထက်☐
သယ်ယူပို့ဆောင်ရေး နည်းလမ်း	ခြေလျင်☐ စက်ဘီး☐ဆိုင်ကယ် ☐ ကား/ထော်လာကျီ ☐ Â ရထား ☐ သုံးဘီးဆိုင်ကယ် ☐ Â လှေ☐ စက်လှေ ☐	ခြေလျင်☐ စက်ဘီး☐ ဆိုင်ကယ် ☐ ကား/ထော်လာကျီ ☐ Â ရထား ☐ သုံးဘီးဆိုင်ကယ်☐ လှေ ☐ စက်လှေ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ လယ်သမား အုပ်စု၊ အမျိုးသမီး အုပ်စု၊ စိုက်ပျိုးမွေးမြူရေးမဟုတ်သော ဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်သူ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဒေသထွက်ကုန်အများစုကို အနီးဆုံးဈေးကွက်ဖြစ်သော ကျောင်းကုန်းဈေးသို့ ပို့ဆောင်ရောင်းချကြပြီး ကုန်သည်၊ ပွဲစားများဖြင့်လည်း ရောင်းဝယ်ဖောက်ကား ကြပါသည်။ ကျေးရွာဆက်သွယ်ရေးလမ်းမှာ ရာသီမရွေးဆက်သွယ်သွားလာရန် အခက်အခဲများရှိနေသော ကြောင့်

ကုန်စည်စီးဆင်းမှုမှာနှောင့်နှေးမှုများရှိနေပါသည်။

(၅.၂) ကျေးရွာ၏ လမ်းပန်းဆက်သွယ်ရေးအခြေအနေ

ဇယား (၁၁) ကျေးရွာ၏ လမ်းတည်ရှိမှု အခြေအနေ

လမ်း အမျိုးအစား	အမျိုးအစား	အရည်အသွေး	ရာသီအလိုက် သုံးစွဲနိုင်မှု	လမ်းအရှည် (မိုင်)
ရွာတွင်းလမ်း	၁□ Â ၂□ ၃□ ၄□ ၅□	ကောင်း□ သင့် □ ညံ့ □ Â	ပွင့်လင်း ရာသီ□ Â တစ်နှစ်ပတ်လုံး□	၀-၁ မိုင် □ ၁-၅ မိုင် □ Â ၅-၁၀ မိုင် □ ၁၀မိုင်အထက်□
ချဉ်းကပ်လမ်း	၁□ Â ၂□ ၃□ ၄□ ၅□	ကောင်း□ သင့် □ ညံ့ □ Â	ပွင့်လင်း ရာသီ□ Â တစ်နှစ်ပတ်လုံး□	၀-၁ မိုင် □ ၁-၅ မိုင် □ Â ၅-၁၀ မိုင် □ ၁၀မိုင်အထက်□
ရွာချင်းဆက်လမ်း	၁□ Â ၂□ ၃□ ၄□ ၅□	ကောင်း□ သင့် □ ညံ့ □ Â	ပွင့်လင်း ရာသီ□ Â တစ်နှစ်ပတ်လုံး□	၀-၁ မိုင် □ ၁-၅ မိုင် □ Â ၅-၁၀ မိုင် □ ၁၀မိုင်အထက်□

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။မြေသားလမ်း - ၁၊ ကျောက်ခင်းလမ်း - ၂၊ ကျောက်ချောလမ်း - ၃၊ ကွန်ကရစ်လမ်း - ၄၊ ကတ္တရာလမ်း - ၅

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိလမ်းများမှာ မြေသားလမ်းများဖြစ်သောကြောင့် မိုးတွင်းအခါတွင် ရွံ့နွံများထူထပ်ခြင်းကြောင့် လမ်းချော်ခြင်း၊ လမ်းကျွံခြင်းများဖြစ်ပေါ်ခြင်းကြောင့် အခက်အခဲများစွာရှိပါသည်။ အထူးသဖြင့်အခြားကျေးရွာသို့ ကျောင်းသွားတက်ရသော ကျောင်းသား/သူများမှာ အန္တရာယ်များစွာရှိပါသည်။ အဆင့်မြှင့်တင်ပေးရန် အရေးတကြီးလိုအပ်နေပြီဖြစ်ပါသည်။

(၅. ၃) ရေကြောင်း သယ်ယူပို့ဆောင်ရေး

ဇယား (၁၂) ရေကြောင်း သယ်ယူပို့ဆောင်ရေး (အသုံးမပြုပါက အကွာအဝေး (မိုင်) အကွက်အောက်ရှိ **အသုံးမပြုပါ** အကွက်တွင် ✓ ခြစ်ပါ)။

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

သယ်ယူပို့ဆောင်ရေး	Nearest town အကွာအဝေး (မိုင်)	ရာသီအလိုက် သုံးစွဲနိုင်မှု
မြစ်ကြောင်း	၀ မှ ၁၀ မိုင် □ Â ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၅၀ မိုင် □ ၅၀မိုင် အထက် □ အသုံးမပြုပါ □	ပွင့်လင်းရာသီ □ တစ်နှစ်ပတ်လုံး □ Â
ပင်လယ်ရေကြောင်း	၀ မှ ၁၀ မိုင် □ ၁၁ မှ ၂၀ မိုင် □ ၂၁ မှ ၅၀ မိုင် □ ၅၀မိုင် အထက် □ အသုံးမပြုပါ □	ပွင့်လင်းရာသီ □ တစ်နှစ်ပတ်လုံး □

ရင်းမြစ်... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာမှ ဒါးကချောင်းအတိုင်း စက်လှေနှင့် အိမ်မွေ၊ ကျောင်းကုန်းမြို့များသို့ ရေလမ်းဖြင့် တစ်နှစ်ပတ်လုံးသွားလာနိုင်ပါသည်။ ကုန်းလမ်းရော ရေလမ်းနှင့်ပါ ကုန်စည်များသယ်ပို့၍ ရောင်းဝယ်ဖောက်ကား လျက်ရှိပါသည်။

(၅.၄) သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ

ဇယား (၁၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ယာဉ်အမျိုးအစား	လှေ၊ သမ္ဘာန်	စက်လှေ	စက်ဘီး	မော်တော်ဆိုင်ကယ်	သုံးဘီးဆိုင်ကယ်	ထော်လာကျီ	ကား	မြင်းလှည်း	နွားလှည်း
အရေအတွက်	၈	၁	၇၀	၅၀	-	၁၄	-	-	-

ရင်းမြစ်...အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ လှေ၊ သမ္ဘာန်အသုံးပြုသူ အနည်းငယ်ရှိပါသည်။ စက်ဘီးများကို ကျောင်းတက်ရာ တွင် အသုံးပြုမှုများပြားပါသည်။ ဆိုင်ကယ်များရှိသည့်အတွက် မြို့သို့သွားလာရာတွင် အဆင်ပြေလွယ်ကူ ပါသည်။ ထော်လာကျီများကို သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် အဓိကထား၍ အသုံးပြုကြပါသည်။

(၅.၅) လျှပ်စစ်မီးရရှိမှု

ဇယား (၁၄) လျှပ်စစ်မီးရရှိမှု အခြေအနေ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ရင်းမြစ်	အိမ်ထောင်စု
မဟာဓာတ်အားလိုင်း	-
ဆိုလာစနစ်	၂၉
အသေးစားရေအားလျှပ်စစ်	၂
ဒီဇယ်သုံးအင်ဂျင်	၇
လေစွမ်းအင်	-
ဇီဝလောင်စာ	-
အမျိုးအမည်ခွဲခြားဖော်ပြခြင်းမပြုနိုင်သော လျှပ်စစ်ဓာတ်အားပေးစနစ်	၁၀၀
လျှပ်စစ်မီး အသုံးမပြုနိုင်သော	၁၂၉

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ လျှပ်စစ်မီးမရရှိသေးပါ။ လျှပ်စစ်မီးရရှိလျှင် ကျေးရွာ၏လူမှုစီးပွားဖွံ့ဖြိုးလာမည်ဖြစ်သဖြင့် ပြီးစီးအောင်ဆောင်ရွက်လိုသောဆန္ဒများရှိနေကြပါသည်။ ဆိုလာအသုံးပြုသော အိမ်ထောင်စုအချို့ရှိပါသည်။ လျှပ်စစ်မီးအသုံးမပြုနိုင်သောအိမ်ထောင်စုများလည်းရှိနေပါသည်။

(၅.၆) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်ဆိုင်ရာ နည်းပညာ

ဇယား (၁၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ

စဉ်	ဖုန်း	ရေဒီယို	တီဗွီ
အရေအတွက်	၁၁၈	၅	၆၄

ရင်းမြစ်... အိမ်ထောင်စုစာရင်း ကောက်ယူမှု။

လေ့လာတွေ့ရှိချက်။ ။ အိမ်ထောင်စုများမှာ ဖုန်းအသုံးပြုနိုင်မှုကြောင့် ဆက်သွယ်ရေးမှာကောင်းမွန် ပါသည်။ တီဗွီကို အိမ်ထောင်စုအများစုမှာ အသုံးပြုကြပါသည်။ စလောင်းအသုံးပြုမှုမှာ အသင့်အတင့် ရှိပါသည်။ ဖုန်းဖြင့်အင်တာနက်အသုံးပြုမှုများပြားလာသောကြောင့် ပညာရေး၊ကျန်းမာရေး၊ ရာသီဥတုသတင်းအချက်အလက်များကိုအချိန်နှင့် တပြေးညီသိရှိနေရသဖြင့် အကျိုးကျေးဇူးများစွာ ရှိနေပါသည်။

(၆) ပညာရေး

(၆.၁) ကျောင်းတက်နှုန်း

ဇယား (၁၆) ကျောင်းတက်နှုန်း

ပညာရေးအဆင့်အတန်း	ကျား	မ	ပေါင်း
မူလတန်း	၁၈	၁၇	၃၅
အလယ်တန်း	၁၆	၆	၂၁
အထက်တန်း	၈	၇	၁၅
တက္ကသိုလ်/ကောလိပ်	၁	၈	၉

ရင်းမြစ် ... (၁) ကျောင်းဝင်စာရင်း၊ (၂) ဆယ်အိမ်မှူးများ။

မှတ်ချက်။ ။ဤဇယားကို ဖြည့်သွင်းရာတွင် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ၊ ပညာရေးဝန်ကြီးဌာနမှ အသိအမှတ်ပြုထားသော စာသင်ကျောင်းများ၊ တက္ကသိုလ်ကောလိပ်များတွင် ပညာတက်ရောက်နေသူများကိုသာ ဖြည့်သွင်းရန်ဖြစ်ပါသည်။ ၄င်းအပြင် **"ဘုန်းကြီးကျောင်းသင်ပညာရေး"** ကို သင်ယူဆည်းပူးနေသော ကျောင်းသူ/သားများကို **အခြေခံပညာဦးစီးဌာနမှ သတ်မှတ်ထားသော ပညာရေးစနစ်/အဆင့် သတ်မှတ်ချက်များနှင့်**အညီ သတ်မှတ်ဖြည့်သွင်းရန် ဖြစ်ပါသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မူလတန်းကျောင်းရှိသောကြောင့် အခြေခံပညာရေးတတ်မြောက်သူ ဦးရေ များပြားပါသည်။ မူလတန်းပြီးဆုံးပါက အထက်တန်းသို့တက်ရောက်မည့် ကျောင်းသား/သူ များသည် အခြားကျေးရွာများသို့ သွားရောက်၍ ပညာဆည်းပူးကြရပါသည်။ အထက်တန်းပညာပြီးဆုံးသူ အသင့်အသင့် ရှိပြီး တက္ကသိုလ်တက်နေသူအနည်းငယ်ရှိပါသည်။

(၆.၂) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

ဇယား (၁၇) စာသင်ကျောင်းဆောင် အခြေအနေနှင့် ဝန်ဆောင်မှုများ

အကြောင်းအရာ	(၁)	(၂)	(၃)
က။ ကျောင်းအဆင့်	မူလတန်း ☐ Â မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐	မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐	မူလတန်း ☐ မူလွန် ☐ အလယ်တန်း(ခွဲ) ☐ အလယ်တန်း ☐ အထက်တန်း(ခွဲ) ☐ အထက်တန်း ☐
ခ။ ရွာမှ အကွာအဝေး (မိုင်)	၀ မှ ၁ မိုင် ☐ Â ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၁၅ မိုင် မှ ၂၀ မိုင် ☐ ၂၀ မိုင် အထက် ☐

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

အကြောင်းအရာ	(၁)			(၂)			(၃)		
၈။ သယ်ယူပို့ဆောင်ရေးဝန်ဆောင်မှု	ခြေလျင် □ Â စက်ဘီး □ ဆိုင်ကယ် □ ကား □			ခြေလျင် □ စက်ဘီး □ ဆိုင်ကယ် □ ကား □			ခြေလျင် □ စက်ဘီး □ ဆိုင်ကယ် □ ကား □		
၉။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ)*	၆၀' x ၃၀' =၁၈၀၀စပေ								
၁၀။ အမိုး၊ နံရံ၊ အခင်း အရည်အသွေး	ကောင်း□ သင့်□ Â ညံ့□			ကောင်း□ သင့်□ ညံ့□			ကောင်း□ သင့်□ ညံ့□		
၁၁။ ကျောင်းသုံး ပရိဘောဂ လုံလောက်မှု	လုံလောက်မှုရှိသည်□ မလုံလောက်ပါ □ Â			လုံလောက်မှုရှိသည်□ မလုံလောက်ပါ □			လုံလောက်မှုရှိသည်□ မလုံလောက်ပါ □		
၁၂။ ကျောင်းအိမ်သာ အခြေအနေ	ကောင်း □ သင့် □Â ညံ့ □ မရှိ □			ကောင်း □ သင့် □ ညံ့ □ မရှိ □			ကောင်း □ သင့် □ ညံ့ □ မရှိ □		
၁၃။ ကျောင်းအာဟာရတိုက်ကျွေးမှု	တိုက်ကျွေးမှုရှိသည်□ Â တိုက်ကျွေးမှု မရှိပါ □			တိုက်ကျွေးမှုရှိသည်□ တိုက်ကျွေးမှု မရှိပါ □			တိုက်ကျွေးမှုရှိသည်□ တိုက်ကျွေးမှုမရှိပါ □		
၁၄။ ကျောင်းဆရာ/မ ဦးရေ	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း	ကျား	မ	ပေါင်း
အစိုးရခန့်	၂	၃	၅						
ကျေးရွာခန့်									

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ (၂) မိဘဆရာအသင်း။

မှတ်ချက်။ ။ ကျေးရွာတွင် စာသင်ကျောင်းမရှိပါက (က၊ ခ၊ ဂ) ကိုသာ ဖြေဆိုရပါမည်။ စာသင်ကျောင်း၏ စုစုပေါင်းကြမ်းခင်းဧရိယာ (စတုရန်းပေ = အလျား × အနံ) သည် စာသင် ကျောင်းတစ်ကျောင်းအတွင်းရှိ **ကျောင်းအဆောက်အဦအားလုံး၏ စုစုပေါင်းဧရိယာကို** ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မူလတန်းကျောင်းရှိပြီး အလျားပေ(၆၀)၊အနံပေ(၃၀) တစ်ဆောင်ရှိပါသည်။ ကျောင်းသားအင်အား တိုးပွားလာသည်နှင့်အမျှ ကျောင်းသုံးပရိဘောဂများမှာ ကျောင်းသားအရေအတွက်နှင့် နှိုင်းယှဉ်လျှင် လိုအပ်ချက်များရှိနေပါသည်။

(၇) ကျန်းမာရေး

(၇.၁) အဖြစ်များသော ရောဂါများ

ဇယား (၁၈) အဖြစ်များသော ရောဂါများ

စဉ်	ရောဂါ	ပျံ့နှံ့မှု/ဖြစ်ပွားမှု		
၁	ဝမ်းပျက်ဝမ်းလျှောခြင်း	မြင့်□	နိမ့်□ Â	မရှိ□
၂	သွေးလွန်တုပ်ကွေး	မြင့်□	နိမ့်□ Â	မရှိ□

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

စဉ်	ရောဂါ	ပျံ့နှံ့မှု/ဖြစ်ပွားမှု		
၃	ငှက်ဖျား	မြင့်□	နိမ့်□	မရှိ□ Â
၄	အသက်ရှူလမ်းကြောင်း ကူးစက်ရောဂါ	မြင့်□	နိမ့်□	မရှိ□ Â
၅	HIV, AIDS, လိင်မှတဆင့် ကူးစက်နိုင်သောရောဂါများ	မြင့်□	နိမ့်□	မရှိ□ Â
၆	တီဘီ	မြင့်□	နိမ့်□ Â	မရှိ□
၇	ဆီးချို	မြင့်□	နိမ့်□ Â	မရှိ□
၈	သွေးတိုး	မြင့်□	နိမ့်□ Â	မရှိ□
၉	အသည်းရောဂါ (ဘီ၊ စီ)	မြင့်□ Â	နိမ့်□	မရှိ□
၁၀	အာဟာရ ချို့တဲ့မှု	မြင့်□ Â	နိမ့်□	မရှိ□
၁၁	အခြား ကူးစက်နိုင်သော ရောဂါများ	မြင့်□ Â	နိမ့်□	မရှိ□

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု (၂) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

.....

.....

(၇.၂) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား (၁၉) လွန်ခဲ့သော (၁၂) လအတွင်း ကာကွယ်ဆေးထိုးနှံမှု

စဉ်	**ကာကွယ်ဆေးထိုးခြင်း** (ရှိ၊ မရှိ အမှန်ခြစ်ရန်)	**ရှိ**	**မရှိ**
၁	အဆုတ်ရောဂါ		Â
၂	ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်နှင့် အသည်းရောင် အသားဝါ	Â	
၃	ပိုလီယိုရောဂါ	Â	
၄	မေးခိုင် (ကိုယ်ဝန်ဆောင် ကာလအတွင်း)	Â	
၅	ဝက်သက်ရောဂါ	Â	
၆	အခြား စုပေါင်းကာကွယ်ဆေး ထိုးနှံမှု		Â
၇	အာဟာရ မှတ်တမ်းယူမှု (အရပ်အမြင့်၊ အလေးချိန်၊ လက်မောင်းပတ်)	Â	
၈	အာဟာရ ပညာပေး အစီအစဉ်	Â	

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ……

……

……

……

……

……

(၇.၃) ကျန်းမာရေးအထောက်အပံ့များ(ဆေးရုံ/ဆေးပေးခန်းများ)

ဇယား (၂၀) ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ကျန်းမာရေး ဝန်ဆောင်မှု	ခရီး အကွာအဝေး (မိုင်)	အခန်း/ကုတင် လုံလောက်မှု
ကျေးလက်ကျန်းမာရေး ဌာန/ ဌာနခွဲ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ Â ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☐ မရှိ ☐ Â
တိုက်နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ ၁၀ မိုင်အထက် ☐	ရှိ ☐ မရှိ ☐
မြို့နယ် ဆေးရုံ	၀ မှ ၁ မိုင် ☐ ၁ မိုင် မှ ၃ မိုင် ☐ ၃ မိုင် မှ ၅ မိုင် ☐ ၅ မိုင် မှ ၁၀ မိုင် ☐ Â ၁၀ မိုင်အထက် ☐	ရှိ ☐ Â မရှိ ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၂) ကျေးလက်ကျန်းမာ

ရေးဌာန/ကျေးလက်ကျန်းမာရေး ဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဆေးပေးခန်းမရှိ၍ ချောင်ကြီးတိုက်နယ်ဆေးရုံ၊ ကျောင်းကုန်းမြို့

ဆေးရုံသို့ သွားရောက်ကုသရပါသည်။

(၇.၄) ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

(၇.၄. ၁) သောက်သုံးရေ ရရှိမှု

ဇယား (၂၁) သောက်သုံးရေ ရရှိနိုင်မှု

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ရေရရှိနိုင်မှု	အသုံးပြုသော အိမ်ထောင်စု	ရေ အရည်အသွေး	လုံလောက်မှု (မိုး၊ဆောင်း၊ နွေ)
ရေတွင်း	-	ကောင်း☐ သင့်☐ ညံ့☐	
အဝီစိတွင်း/ စက်တပ်	၃၀	ကောင်း☐ သင့်☐ Â ညံ့☐	မိုး၊ ဆောင်း၊ နွေ
အဝီစိတွင်း/ တုံကင်	၁၀၀	ကောင်း☐ သင့်☐ Â ညံ့☐	မိုး၊ ဆောင်း၊ နွေ
မိုးရေ သိုလှောင်ကန်	-	ကောင်း☐ သင့်☐ ညံ့☐	-
မြစ်/ချောင်းရေ	-	ကောင်း☐ သင့်☐ ညံ့☐	-
ရေကန်	-	ကောင်း☐ သင့်☐ ညံ့☐	-
စိမ့်စမ်းရေ	-	ကောင်း☐ သင့်☐ ညံ့☐	-

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးရွာသယံဇာတပြမြေပုံ။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ရေတွင်း၊ ရေတုံကင်၊ စက်တပ်အဝီစိတွင်းများမှ သောက်သုံးရေကို တစ်နှစ်ပတ်လုံး ရေလုံလောက်စွာရရှိနေပါသည်။ ရေတွင်းအချို့မှာ နွေအခါတွင် ရေအမှတ် ကျသွားသည်များ ရှိသော်လည်း ရေရှားပါးပြတ်လပ်သည်အထိ မရှိခဲ့ပါ။ ရေကောင်းရေသန့်ရရှိသောကြောင့် ကျန်းမာရေးနှင့် အထူးညီညွတ်ပါသည်။

(၇.၄.၂) သန့်ရှင်းရေး အခြေအနေ (အိမ်သာအမျိုးအစားနှင့် အိမ်ထောင်စု အရေအတွက်)

ဇယား (၂၂) အိမ်သာ အမျိုးအစား

သုံးစွဲနိုင်သော အိမ်သာ အမျိုးအစား	သုံးစွဲနိုင်သော အိမ်ထောင်စု
သန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
ရေဆွဲ အိမ်သာ	
ရေလောင်း/ယင်လုံအိမ်သာ	၁၂၉
မသန့်ရှင်းသော ယင်လုံအိမ်သာ သုံးစွဲမှု	
တွင်း/ဇလားအိမ်သာ	
တွင်းမရှိ အိမ်သာ	
အိမ်သာမရှိ	

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ (၃) ကျေးလက်ကျန်းမာရေးဌာန/ကျေးလက်ကျန်းမာရေးဌာနခွဲ။

လေ့လာတွေ့ရှိချက်။ ။ ယင်လုံအိမ်သာကို အိမ်ထောင်စုအားလုံးအသုံးပြုကြပါသည်။ ယင်လုံအိမ်သာအသုံး ပြုမှုကြောင့် ကျေးရွာထဲတွင် ယင်ကြောင့်ဖြစ်ပွားတတ်သော ကူးစက်ရောဂါများဖြစ်ပွားမှု အလွန် နည်းပါးကြောင်း တွေ့ရှိရပါသည်။

(၈) ဘေးအန္တရာယ် ထိခိုက်မှုအခြေအနေများ

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ဇယား (၂၃) ကျေးရွာ၏ ထိခိုက်နိုင်သည့် ဘေးအန္တရာယ်များ အခြေအနေ

စဉ်	ဘေးအန္တရာယ် အမျိုးအစား	အန္တရာယ်ရှိနိုင်မှုအခြေအနေရှင်းလင်းဖော်ပြချက်
၁	စားနပ်ရိက္ခာ မဖူလုံမှု	မရှိ
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ ဓိုက်ပျိုးရေ)	-
၃	ရေကြီးခြင်း	ရှိ
၄	မိုးခေါင်ခြင်း	-
၅	အအေးလွန်ကဲခြင်း	-
၆	မုန်တိုင်း	-
၇	ငလျင်	-
၈	မီးဘေး	-
၉	ဆားငန်ရေဝင်မြေ	-
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	-
၁၁	သစ်တောပြုန်းတီးခြင်း	-
၁၂	ငှက်ဖျားရောဂါ	-
၁၃	တီဘီရောဂါ	-
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	-
၁၅	ပြည်တွင်း ပဋိပက္ခ	-
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	ရှိ
၁၇	လူကုန်ကူးခြင်း	-
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	ရှိ

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။.....

.....

.....

.....

(၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များ ထိန်းသိမ်းမှုအခြေအနေ

ဇယား(၂၄) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များအခြေအနေ

အကြောင်းအရာ	အန္တရာယ်ရှိမှု(နိမ့်၊လတ်၊မြင့်)	ဖော်ပြချက်/ရှင်းလင်းချက်
မြေဆီသြဇာအခြေအနေ	လတ်	မြေဆီလွှာအချဉ်ပေါက်ခြင်း
အပင်မျိုးစိတ်များ	လတ်	ပိုးကျ
ရေအရင်းအမြစ်	-	-

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ငါးမျိုးကွဲများ	-	-
အခြားတိရစ္ဆာန်မျိုးကွဲများ	-	-

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ မြေဩဇာများအသုံးပြုမှု များပြားလာသဖြင့် မြေဆီလွှာအချဉ်ပေါက်ခြင်းများ ဖြစ်တတ်ပါသည်။ စပါးစိုက်ခင်းများတွင် ပိုးမွှားကျရောက်မှုအန္တရာယ်မှာ မြင့်တက်လျက်ရှိနေပြီး ပိုးမွှား အန္တရာယ် ကာကွယ်နည်းစနစ်များ သိရှိပါကသီးနှံအထွက်နှုန်းတိုးတက်လာမည်ဖြစ်သည်။ မြေအောက်ရေ ထုတ်ယူသုံးစွဲမှုနှုန်းမှာ မြင့်မားပါသည်။

(၁၀) ကျား - မ ရေးရာ

ဇယား (၂၅) ကျား - မ ရေးရာ

စဉ်	ကျေးရွာ၏ လူမှုစီးပွား ဖွံ့ဖြိုးစေရေးအတွက် အမျိုးသမီးများ၏ စွမ်းဆောင်ရည်မြှင့်သင့်သော အချက်များ	ဦးတည်အုပ်စုဆွေးနွေးပွဲတွင် တက်ရောက်သူများမှ မှန်သည်ဟု ယူဆသော တစ်ခုကို ရွေးပေးပါရန်	
၁	ကျေးရွာ စီမံအုပ်ချုပ်မှုစနစ်တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်မှု/ခေါင်းဆောင်မှု	ရှိ ☐ Â	မရှိ ☐
၂	ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများ တွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်မှု	ရှိ ☐ Â	မရှိ ☐

ရင်းမြစ် (၁) အဖွဲ့အစည်းများစာရင်း၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း- ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာစီမံခန့်ခွဲမှုတွင် အမျိုးသမီးများပါဝင်မှုနည်းပါးပါသည်။ ကိုယ်ပိုင်စီးပွားရေး လုပ်ငန်းများတွင်သာ ခေါင်းဆောင်မှုများပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်မှုအားနည်း ပါသည်။ အမျိုးသမီးများအနေဖြင့် ရပ်ရွာအတွင်း သာရေး၊ နာရေး၊ လူမှုရေးဆိုင်ရာ ကိစ္စရပ်များတွင် ပါဝင်မှုမှာ မြင့်မားပါသည်။

ကျားကိုက်ချောင်းကျေးရွာ၊ ကျားကိုက်ကျေးရွာအုပ်စု၊ ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးကျော်ဝင်း	ဦးမောင်ခွေး	၁၄/ကကန(နိုင်)၀၂၇၈၂၉	၄၅	ဥက္ကဋ္ဌ	၀၉-၉၅၈၁၄၂၂၆၁
၂	ဦးကျော်ဇင်မျိုး	ဦးမောင်စိုး	၁၄/ကကန(နိုင်)၁၂၃၀၃၇	၃၈	အတွင်းရေးမှူး	၀၉၉၆၀၆၄၅၇၃၃၂
၃	ဦးထိန်ဝင်း	ဦးလှဟန်	၁၄/ကကန(နိုင်)၀၂၇၇၇၆	၄၀	စာရင်းကိုင်	-
၄	ဦးသန်းညွန့်	ဦးအောင်မောင်း	၁၄/ကကန(နိုင်)၀၂၇၄၆၉	၅၀	ဘဏ္ဍာရေးမှူး	-
၅	ဦးလှကြည်	ဦးဖိုး	၁၄/ကကန(နိုင်)၀၂၇၆၅၄	၅၅	သော့ကိုင်(၁)	-
၆	ဦးအောင်ကိုလတ်	ဦးသိန်းလှိုင်	၁၄/ကကန(နိုင်)၁၁၁၀၈၃	၃၀	သော့ကိုင်(၂)	-
၇	ဦးလှမင်းဦး	ဦးဌေးဝင်း	၁၄/ကကန(နိုင်)၁၁၉၉၃၉	၃၅	အဖွဲ့ဝင်	-
၈	ဦးခင်မောင်လွင်	ဦးစိုးမြင့်	၁၄/ကကန(နိုင်)၀၈၂၂၄၀	၄၀	အဖွဲ့ဝင်	-
၉	ဦးတင်ညွန့်	ဦးစံမောင်	၁၄/ကကန(နိုင်)၁၂၇၆၇၉	၅၅	အဖွဲ့ဝင်	-